# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့

MYANMAR CSO

CENTRAL STATISTICAL ORGANIZATION




# ၂၀၁၈ ခုနှစ် ဧပြီလအတွင်း
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

၂၀၁၈ ခုနှစ် မေလ

အကြောင်းအရာ။ **၂၀၁၈ ခုနှစ် ဧပြီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၁၈ ခုနှစ် ဧပြီလ**အတွက် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ အစားအစာအုပ်စုအတွက် ၁၅၁.၅၇၊ အစားအစာမဟုတ်သော အုပ်စုအတွက် ၁၂၃.၂၉ နှင့် **အုပ်စုအားလုံးအတွက် ၁၃၉.၈၂** ရှိပါသည်။ **၂၀၁၈ ခုနှစ် မတ်လ၏** အခြေအနေမှာ ၁၃၉.၁၁ ရှိခဲ့ပြီး၊ **၂၀၁၈ ခုနှစ် ဧပြီလ**နှင့် နှိုင်းယှဉ်ပါက ၀.၅၁% မြင့်တက်လာပါသည်။ **Core Inflation** တွက်ချက်ရန် လိုအပ်သည့် အစားအစာအုပ်စုနှင့် လောင်စာဆီ ဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၁၉.၀၈** ဖြစ်ရာ **၂၀၁၈ ခုနှစ် မတ်လ၏ Core CPI** ဖြစ်သည့် **၁၁၈.၈၃** နှင့် နှိုင်းယှဉ်ပါက ၀.၂၁% မြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေမှာ ၂၀၁၈ ခုနှစ် ဧပြီလ** ၏ စားသုံးသူဈေးဆနှုန်းမှာ **၁၃၉.၈၂** ဖြစ်သဖြင့် **၂၀၁၇ ခုနှစ် ဧပြီလ၏** အခြေအနေ **၁၃၂.၀၇** နှင့် နှိုင်းယှဉ်ပါက **၅.၈၇%** မြင့်တက်လာပါသည်။ အလားတူ **၂၀၁၈ ခုနှစ် ဧပြီလ ၏ Core CPI မှာ ၁၁၉.၀၈ ဖြစ်ရာ ၂၀၁၇ ခုနှစ် ဧပြီလ ၏ Core CPI** အခြေအနေ **၁၁၃.၆၄** နှင့် နှိုင်းယှဉ်ပါက **၄.၇၈%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၁၈ ခုနှစ် မတ်လတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၅၁.၅၇** ဖြစ်သဖြင့် ယခင်လကထက် **၀.၇၀%** မြင့်တက်လာပါသည်။ အခြေခံစားသောက်ကုန်များ ဖြစ်သည့် အမဲသား ဈေးနှုန်းကျဆင်းလာသော်လည်း၊ ဆန် (ဧည့်မထ)၊ စားအုန်းဆီ၊ အသားငါးဈေးနှုန်းများနှင့် ကြက်ဥဈေးနှုန်းများ မြင့်တက်လာပါသည်။ အခြားမီးဖိုချောင်သုံး ကုန်ပစ္စည်းဖြစ်သည့် ပဲဈေးနှုန်းများ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် သကြား ဈေးနှုန်းများ ကျဆင်းလာပါသည်။ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များဖြစ်သော သင်္ဘောသီး၊ ရှောက်သီး၊ သံပုရာသီး၊ ချဉ်ပေါင်ရွက်၊ ပဲတောင့်ရှည်သီး၊ သခွားသီး၊ ခရမ်းသီး၊ ဂေါ်ဖီနှင့် ခရမ်းချဉ်သီး ဈေးနှုန်းများလည်း သိသိသာသာမြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

၄။ **၂၀၁၈ ခုနှစ် ဧပြီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၂၃.၂၉** ဖြစ်သဖြင့် ယခင်လနှင့် နှိုင်းယှဉ်ပါက ၀.၂၀% မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။ ယင်းအုပ်စုအတွင်းရှိ ဆေးဈေးနှုန်းများ၊ ကွမ်းသီးနှင့် ကွမ်းရွက်ဈေးနှုန်းများ သိသိသာသာ ကျဆင်းနေသော်လည်း၊ သယ်ယူပို့ဆောင်ရေးအုပ်စုတွင်ပါဝင်သော ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် မော်တော်ဆိုင်ကယ်ဈေးနှုန်းများ၊ ရွှေထည်ပစ္စည်းဈေးနှုန်းများ၊ အမျိုးသမီး/အမျိုးသားဝတ် လုံချည်များ၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ၊ ဖိနပ်များ၊ အိမ်ပြုပြင်စရိတ်၊ ရေခဲသေတ္တာနှင့် အိမ်ဆောက်ပစ္စည်းများစသည့် ကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာကြောင်းတွေ့ရှိရပါသည်။

၅။ **၂၀၁၈ ခုနှစ် ဧပြီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၄.၁၂%** ဖြစ်ပြီး၊ အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက် ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) မှာ ၃.၉၆%** ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

(ဒေါက်တာဝါဝါမောင်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူစျေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်












**တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်**

**(၂၀၁၈ ခုနှစ် ဧပြီလ)**

**မာတိကာ**


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အပိုင်း(က)** | |
| | **၂၀၁၈ ခုနှစ် မတ်လ နှင့် ၂၀၁၈ ခုနှစ် ဧပြီလ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| | **အပိုင်း(ခ)** | |
| | **၂၀၁၇ ခုနှစ် ဧပြီလ နှင့် ၂၀၁၈ ခုနှစ် ဧပြီလ** | |
| | **စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| ၁ | စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၆ |
| ၂ | အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၆ |
| ၃ | ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း | ၁၀ |
| | **အပိုင်း(ဂ)** | |
| | **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၁ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၁၃ |
| ၂ | ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၁၃ |
| ဇယား ၁ | တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၆ |
| ဇယား ၂ | တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၇ |
| ဇယား ၃ | အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၈ |
| ဇယား ၄ | တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁၉ |
| ဇယား ၅ | တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၂၀ |

# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

## ၂၀၁၈ ခုနှစ် မတ်လ နှင့် ၂၀၁၈ ခုနှစ် ဧပြီလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဧပြီလအတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၈၂ ဖြစ်ရာ လွန်ခဲ့သော မတ်လ အခြေအနေ ၁၃၉.၁၁ နှင့် နှိုင်းယှဉ်ပါက ဝ.၅၁% မြင့်တက်လာပါသည်။ အဓိကအားဖြင့် အစားအစာအုပ်စု၊ အဝတ်အထည်၊ အိမ်လခနှင့် အိမ်ပြင်ခအုပ်စုတို့မှာ မြင့်တက်ခဲ့သည့်အပြင် သယ်ယူပို့ဆောင်ရေးအုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၊ ပညာရေးအုပ်စုနှင့် အထွေထွေအုပ်စု ဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာခဲ့ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဧပြီလအထိ တစ်နှစ်အတွင်း ပျမ်းမျှ ၄.၁၂% ဖြစ်ပေါ်ခဲ့ရာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် မတ်လ အခြေအနေ ၄.၀၃% နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်ပြန်လည် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂၀၁၈ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ ဈေးဆနှုန်းများကို ဇယား(၁)ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် လွန်ခဲ့သောလကထက် ဝ.၇ဝ% မြင့်တက်လာပါသည်။ ယခုလတွင် ဧည့်မထဆန် ဝ.၈၄%၊ ကြက်သား ၁.၇၉%၊ ဝက်သား ဝ.၂၃% ၊ ငါးခူ ၁.၇၂%၊ ငါးရံ့ခြောက် ၂.ဝ၆%၊ ပုစွန်ခြောက် ၁.၉၆ % နှင့် ရေကျိုငါးပိ ၁.ဝ၉% ဈေးနှုန်းများ အသီးသီး မြင့်တက်လာသော်လည်း၊ မြေပဲဆီမှာ ရာခိုင်နှုန်းအနည်းငယ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကုလားပဲခြမ်း၊ ပဲနီလေး နှင့် စားတော်ပဲဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ ထို့အပြင် အဖျော်ယမကာပစ္စည်းများဖြစ်သော သကြား၊ ထန်းလျက်ဈေးနှုန်းများလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

ဟင်းသီးဟင်းရွက်များတွင် အာလူး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ မုန်လာဥဖြူ၊ ချဉ်ပေါင်ရွက်၊ သခွားသီး၊ ပဲတောင့်ရှည်သီး၊ ငရုတ်သီးခြောက် (အပု)၊ ငရုတ်သီးခြောက်(အရှည်)နှင့် ငရုတ်သီးမှုန့် စသည့် ကုန်ပစ္စည်းဈေးနှုန်း များမှာ မြင့်တက်လာပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၄၇.၃၇ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၅၄.၇၃ ဖြစ်သောကြောင့် ၄.၇၆% ကျဆင်းလာပါသည်။ ဤအုပ်စု အတွင်း၌ ပါဝင်သော ကုန်ပစ္စည်းများအနက် ကွမ်းရွက် နှင့် ကွမ်းသီး(အခြမ်း/ အလုံး) ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာခဲ့ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၁၉.၂၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၈.၈၃ ဖြစ်သောကြောင့် ၀.၃၈% မြင့်တက်လာကြောင်း တွေ့ရှိ ရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီး/ အမျိုးသားဝတ် လုံချည်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ အမျိုးသမီးဝတ်အင်္ကျီ နှင့် ဖိနပ်ဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၄၆.၁၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၄၅.၅၂ ဖြစ်သောကြောင့် ၀.၄၅% မြင့်တက်လာပါသည်။ ဤအုပ်စု တွင်ပါဝင်သော ဓနိ၊သက်ကယ်၊ သစ်မာ၊ သွပ်၊ ရေဖိုး၊ ထင်းဈေးနှုန်းများနှင့် အိမ်ပြုပြင်စရိတ်မှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိ ရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၁၇.၆၉ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၁၇.၅၃ ဖြစ်သောကြောင့် ၀.၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သင်ဖြူးဖျာ နှင့် အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်

သော ရေခဲသေတ္တာ၊ သောက်ရေအိုး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့် နှင့် အိမ်အကူ ဈေးနှုန်းများ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၃၉.၂၄ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၃၉.၃၂ ဖြစ်သောကြောင့် ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အားဆေးနှင့် အကိုက်အခဲပျောက်ဆေး ဈေးနှုန်းများ ကျဆင်းလာခဲ့၍ ဖြစ်ပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၀၄.၆၈ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၃.၆၃ ဖြစ်သောကြောင့် ၁.၀၁% မြင့်တက်လျက်ရှိပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင်ပါဝင်သော ဓာတ်ဆီ တစ်ဂါလံလျှင် ၃၈၁၄.၉၂ ကျပ်မှ ၃၉၀၅.၄၈ ကျပ်သို့လည်းကောင်း၊ ဒီဇယ်ဆီ တစ်ဂါလံလျှင် ၃၈၁၆.၂၃ ကျပ်မှ ၃၉၃၈.၈၀ ကျပ်သို့လည်းကောင်း ဈေးနှုန်းများ အသီးသီးမြင့်တက်လာပါသည်။ အလားတူ ကားခ(ခရီးဝေး)ဈေးနှုန်းများလည်း အနည်းငယ် မြင့်တက်လာခဲ့ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၀၂.၅၅ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၂.၅၇ ဖြစ်သောကြောင့် သိသာစွာ ပြောင်းလဲခဲ့ခြင်းမရှိပါ။ ဤအုပ်စုတွင်ပါဝင်သော တယ်လီဖုန်းနှင့် မိုဘိုင်းဖုန်းဈေးနှုန်းများမှာ အနည်းငယ်သာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၀၆.၄၃ ရှိ၍၊ ယခင်လ၏ ဈေးဆနှုန်းမှာ ၁၀၆.၂၂ ဖြစ်သောကြောင့် ၀.၂၀ ရာခိုင်နှုန်းသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်လ ကထက် မြင့်တက်ခဲ့သော်လည်း ကျန်ကုန်ပစ္စည်းဈေးနှုန်းများမှာမူ အပြောင်းအလဲနည်းပါးခဲ့ကြောင်းတွေ့ရှိရပါသည်။

**(ည)　ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၂၅.၂၃ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒန်းမှာ ၁၂၂.၆၇ ဖြစ်သောကြောင့် ၂.၀၈% မြင့်တက်လျက်ရှိပါသည်။ ကျောင်းဖွင့်ချိန်နီးကပ်လာပြီဖြစ်သောကြောင့် ကျူရှင်လခနှင့် သင်တန်းကြေး ဈေးနှုန်းများ မြင့်တက်လာခဲ့၍ဖြစ်ပါသည်။

**(ဋ)　ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၂၂.၆၂ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒန်းမှာ ၁၂၃.၀၆ ဖြစ်သောကြောင့် ၀.၃၆% ကျဆင်းလာခဲ့ပါသည်။ ဤအုပ်စု အတွင်းပါဝင်သော အကြော်စုံ နှင့် ကွမ်းယာဈေးနှုန်းများ ကျဆင်းလာခဲ့သော ကြောင့် ဖြစ်ပါသည်။

**(ဌ)　အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၂၅.၄၄ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒန်းမှာ ၁၂၅.၀၀ ဖြစ်သဖြင့် ၀.၃၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ဆံပင်ညှပ်ခ၊ အခြားခေါင်းလိမ်းဆီ၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ရွှေထည် ပစ္စည်းဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

**(ဍ)　အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆန္ဒန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၂၃.၂၉ ရှိ၍၊ ယခင်လ၏ ဈေးဆန္ဒန်းမှာ ၁၂၃.၀၅ ဖြစ်သောကြောင့် ၀.၂၀ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

## ၂၀၁၇ ခုနှစ် ဧပြီလ နှင့် ၂၀၁၈ ခုနှစ် ဧပြီလ စားသုံးသူဈေးဆနှုန်း နှိုင်းယှဉ်ချက်

**၁။ စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၂၀၁၈ ခုနှစ် ဧပြီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၃၉.၈၂ဖြစ်ရာ လွန်ခဲ့သော ၂၀၁၇ ခုနှစ် ဧပြီလ အခြေအနေ ၁၃၂.၀၇ နှင့် နှိုင်းယှဉ်ပါက ၅.၈၇% မြင့်တက်လာပါသည်။ အုပ်စုအားလုံးတွင် ပါဝင်သောကုန်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဧပြီလအထိ တစ်နှစ်အတွင်း ပျမ်းမျှ **၄.၁၂%** ဖြစ်ပေါ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီလ အခြေအနေ **၆.၄၁%** နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

**၂။ အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

**(က) အစားအစာအုပ်စု**

ဤအုပ်စုဈေးဆနှုန်းသည် ယခင်နှစ်အလားတူကာလကထက် ၅.၈၇% မြင့်တက်နေပါသည်။ ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ် အလားတူကာလကထက် ၆.၆၉% မြင့်တက်လာပါသည်။ အလားတူ မြေပဲဆီ ၂.၈၁%၊ နှမ်းဆီ ၃.၅၅%၊ ဝက်သား ၆.၄၈%၊ အမဲသား ဝ.၉ဝ%၊ ငါးခူ ၄.၈၄%၊ ငါးရံ့ ၁.ဝ၅%၊ ငါးမြစ်ချင်း ၃.၂၄%၊ ပုစွန်ခြောက် ၇.၄၁%၊ ငါးရံ့ခြောက် ၆.ဝ၃% နှင့် ရေကျိုငါးပိ ၃.၇၄% ဖြင့် ဈေးနှုန်းများ အသီးသီး မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ သို့သော် စားအုန်းဆီ ၂.၆၇%၊ ကြက်သား ၃.၃၂% နှင့် ကြက်ဥ ဝ.၁၅% ဖြင့် ဈေးနှုန်းများ အသီးသီး ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရပါသည်။ မီးဖိုချောင်သုံးပစ္စည်းများတွင် ကြက်သွန်ဖြူ ၄၇.၃၈%၊ ကုလားပဲခြမ်း ၁၄.၇၈%၊ အာလူး ၁၃.၉၇% ဖြင့်သိသိသာသာ ကျဆင်းလာသော်လည်း၊ ကြက်သွန်နီဈေးနှုန်းမှာမူ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်လျှင် ၆.၈၂% ဖြင့် မြင့်တက်နေဆဲရှိသည်ကို တွေ့ရှိရပါသည်။ ဟင်းသီးဟင်းရွက်တွင် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၃.၈၃% မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

**(ခ) ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၄၇.၃၇ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၀.၀၆ ဖြစ်သောကြောင့် ၁၃.၃၁% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက်နှင့်ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ဆေးပေါ့လိပ်၊ စီးကရက်(ပြည်တွင်း/ပြည်ပ)၊ ကွမ်းသီးနှင့်ကွမ်းရွက် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဂ) အဝတ်အထည်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၁၉.၂၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၆.၈၅ ဖြစ်သောကြောင့် ၂.၀၈% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော အမျိုးသမီး/အမျိုးသား ဝတ်လုံချည်၊ ဂျာကင်၊ တီရှပ်၊ စပို့ရှပ်၊ ဆွယ်တာ၊ သားရေဖိနပ်၊ မိုးကာနှင့် အမျိုးသမီးစက်ချုပ်ခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

**(ဃ) အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၄၆.၁၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၃၅.၁၆ ဖြစ်သောကြောင့် ၈.၁၅% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ ထင်း၊ မီးသွေး ဈေးနှုန်းများ၊ အိမ်ပြင်ခ၊ ဂက်(စ်) ဓါတ်ငွေ့၊ ရေချွန်နှင့် ရေဖိုးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**(င) အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၁၇.၆၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၃.၈၈ ဖြစ်သောကြောင့် ၃.၃၄% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေသည်ကိုတွေ့ရှိရပါသည်။

**(စ) ကျန်းမာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်း**မှာ ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၃၉.၂၄ ရှိပြီး၊ ယခင်နှစ်၏ဈေးဆနှုန်းမှာ ၁၃၂.၂၇ ဖြစ်သောကြောင့် ၅.၂၇% မြင့်တက်လျက်ရှိပါသည်။

ရိုးရိုးဆေးကုသခ၊ အထူးဆေးကုသခ၊ အထွေထွေဆေးကုသခ၊ ဆေးရုံ၌ ဆေးကုသခ၊ အားဆေး၊ အကိုက်အခဲပျောက်ဆေးနှင့် တိုင်းရင်းဆေးဈေးနှုန်းများ ယခင်နှစ်ကထက် မြင့်တက်နေ ကြောင်း တွေ့ရှိရပါသည်။

**(ဆ) သယ်ယူပို့ဆောင်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၀၄.၆၈ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၇.၉၁ ဖြစ်သောကြောင့် ၆.၉၁% ဖြင့် သိသိသာသာ မြင့်တက်လာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ဒီဇယ်ဆီဈေးနှုန်းမှာ တစ်ဂါလံလျှင် ၃၃၄၁.၃၂ ကျပ်ရှိရာမှ ယခုနှစ်တွင် ၃၉၃၈.၈၀ ကျပ်သို့ မြင့်တက်လာပါသည်။ အလားတူ ဓာတ်ဆီဈေးနှုန်းမှာလည်း တစ်ဂါလံလျှင် ၃၄၂၈.၀၅ ကျပ်ရှိရာ မှ ၃၉၀၅.၄၈ ကျပ်သို့ သိသိသာသာ မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။ ထို့ပြင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး၊ ဘတ်(စ်)ကားခ (ခရီးဝေး)၊ အငှားယာဉ်ခ၊ ဆိုက်ကားခနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းစရိတ် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

**(ဇ) ဆက်သွယ်ရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၀၂.၅၅ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၉၃.၈၆ ဖြစ်သောကြောင့် ၉.၂၆% ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော မိုဘိုင်းဖုန်းခေါ်ဆိုခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

**(ဈ) အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၀၆.၄၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၀၅.၂၉ ဖြစ်သောကြောင့် ၁.၀၈% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကွန်ပျူတာ၊ စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ် နှင့် ဗလာစာအုပ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အတွက် ဖြစ်ပါသည်။

**(ည) ပညာရေးအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၂၅.၂၃ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၂.၂၄ ဖြစ်သောကြောင့် ၂.၂၄% မြင့်တက်လာခဲ့ပါသည်။

ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လျက်ရှိပါသည်။

**(ဍ) ပြင်ပအစားအသောက်အုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၂၂.၆၂ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၁.၃၀ ဖြစ်သောကြောင့် ၁၀.၁၇%ဖြင့် သိသိသာသာ မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်၊ ခေါက်ဆွဲကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်နှင့် ကွမ်းယာဈေးနှုန်းမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရပါသည်။

**(ဎ) အထွေထွေကုန်ပစ္စည်းအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ ၌ ၁၂၅.၄၄ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၂၁.၁၆ ဖြစ်သောကြောင့် ၃.၁၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကုန်ပစ္စည်းအများစုမှာ ယခင်နှစ်ကထက် ဈေးနှုန်းများ မြင့်တက်လာခဲ့သည့်အပြင် ရွှေထည်ပစ္စည်းဈေးနှုန်းမှာလည်း ၄.၉၈% ဖြင့် သိသာစွာမြင့်တက်ခဲ့၍ဖြစ်ပါသည်။

**(၃) အစားအစာမဟုတ်သောအုပ်စု**

**ယင်းအုပ်စုဈေးဆနှုန်းမှာ** ၂၀၁၈ ခုနှစ် ဧပြီလ၌ ၁၂၃.၂၉ ရှိပြီး၊ ယခင်နှစ်၏ ဈေးဆနှုန်းမှာ ၁၁၅.၆၁ ဖြစ်သောကြောင့် ၆.၆၄% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုအားလုံး၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

**၃။ ဈေးနှုန်းပြောင်းလဲမှုများကိုခြုံငုံသုံးသပ်တင်ပြခြင်း**

၂၀၁၈ ခုနှစ် ဧပြီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

(က) ယခုလတွင်ဖြစ်ပေါ်ခဲ့သော ဆန်(ဧည့်မထ)ဈေးနှုန်းမှာ ယခင်နှစ်၊ ယခင်လများနှင့် နှိုင်းယှဉ်လျှင် ဆန်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိပါသည်။ ဆန်ဈေးကွက်တွင် နိုင်ငံတော်အစိုးရမှ စပါးတစ်တင်းလျှင် အနည်းဆုံးဈေး

သတ်မှတ်လိုက်သည့်အတွက် စပါးဈေးနှုန်းများမှာ တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀ မှ ၄၀၀၀၀၀ အထိ မြင့်တက်နေ၍ ဆန်ဈေးနှုန်းများဆက်လက် မြင့်တက်နေရခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီနှင့် စားအုန်းဆီဈေးနှုန်းများမှာ ယခင်လ ကထက် အနည်းငယ်ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ ယခင်လတွင် ပြည်ပစားအုန်းဆီဈေးနှုန်းမှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၃.၀၈ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန် ဒေါ်လာ ၆၂၄.၀၅ ဖြစ်သဖြင့် ယခင်လ ကထက် ၀.၁၆% မြင့်တက်လာသောကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမှာ လည်း အနည်းငယ် မြင့်တက်လာပါသည်။

(ဂ) အသား၊ ငါးနှင့်ဥအုပ်စုတွင်ပါဝင်သော ကြက်သား၊ ဝက်သား၊ ငါးခူ၊ ငါးရံ့၊ ငါးရံ့ခြောက်နှင့် ပုစွန်ခြောက်ဈေးနှုန်းများမှာ ယခင်လကထက် မြင့်တက်လာ ကြောင်းတွေ့ရှိရပါသည်။ နှစ်သစ်ကူးချိန်ဖြစ်ခြင်းကြောင့် အလှူအတန်းပြုလုပ်သူ များပြားလာပြီး အသားငါး ဈေးနှုန်းများ မြင့်တက်လာပါသည်။

(ဃ) ဟင်းသီးဟင်းရွက်ဈေးနှုန်းများကို လေ့လာကြည့်ပါက သီးနှံအသစ်ထွက် ပေါ်ချိန်ဖြစ်သောကြောင့် ခရမ်းချဉ်သီးဈေးနှုန်းမှာ ယခင်လကထက် သိသိသာသာ ပြန်လည်မြင့်တက်လာပါသည်။ စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ စားတော်ပဲ၊ ပဲနီလေး၊ အာလူးနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ဆက်လက်ကျဆင်း လျက်ရှိပါသည်။ ဈေးကွက်တွင် ကြက်သွန်နီ(အသစ်)များ ဝင်ရောက်မှုများပြားလာ သောကြောင့် ကြက်သွန်နီဈေးနှုန်းမှာ ဆက်လက် ကျဆင်းလျက်ရှိပါသည်။ နွေရာသီ၌ ကွမ်းရွက်အထွက်နှုန်းများပြားလာသောကြောင့် ကွမ်းရွက်ဈေးနှုန်း များ သိသိသာသာ ကျဆင်းလာပါသည်။

(င) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ပဲရည် တစ်ကျပ်သားလျှင် ၈၈၈၀၉၇.၇၉ ကျပ် ဖြစ်သဖြင့် လွန်ခဲ့သောလကထက် ၀.၆၂% မြင့်တက်ခဲ့ပြီး၊ လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါကလည်း ၄.၉၈% မြင့်တက်လျက်ရှိပါသည်။ ကမ္ဘာ ရွှေဈေးနှုန်းမှာ တစ်ထရိုင်အောင်စလျှင် ယခင်လတွင် အမေရိကန်ဒေါ်လာ ၁၃၂၅.၅၉ ရှိရာ မှ ၁၃၃၃.၀၂ သို့ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့ရွှေ

ဈေးနှုန်း မြင့်တက်လာခဲ့သောကြောင့် မြန်မာရွှေဈေးနှုန်းမှာလည်း လိုက်ပါမြင့်တက်နေသည်ကို တွေ့ရှိ ရပါသည်။

(စ) ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်တွင်းလောင်စာဆီဈေးနှုန်းတွင် ဒီဇယ်ဆီဈေးနှုန်းနှင့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် အနည်းငယ် မြင့်တက်လာသော်လည်း ပြည်ပမှ တင်သွင်းသော လောင်စာ ဆီဈေးနှုန်းများမှာ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၈၂ မှ ၈၃.၂၂ သို့ လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၇၄.၂၆ မှ ၇၇.၉၉ သို့ လည်းကောင်းအသီးသီး မြင့်တက်နေပါသည်။ ပြည်ပမှ တင်သွင်းသော လောင်စာဆီဈေးနှုန်းများမြင့်တက်နေသည့်အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ မြင့်တက်နေသောကြောင့် ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း သိသိသာသာမြင့်တက်လျက်ရှိကြောင်းတွေ့ရှိရပါသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် စိုက်ပျိုးမြေပျက်စီးခြင်း၊ စိုက်ပျိုးသီးနှံအထွက်နှုန်းလျော့ကျခြင်း၊ ရေကြီးရေလျှံမှုကြောင့် တံတားများ၊ လမ်းများပျက်စီးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲဖြစ်ကာ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲသည့်အတွက် သယ်ယူပို့ဆောင်စရိတ် မြင့်တက်ခြင်း၊ ပြည်တွင်းလောင်စာဆီဈေးနှုန်းများမြင့်တက်လာသောကြောင့် သယ်ယူပို့ဆောင်စရိတ်မြင့်တက်ခြင်းစသည့် အကြောင်းရင်းများကြောင့် ဈေးနှုန်းအပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆန္ဒန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆန္ဒန်းအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သောတစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္ဒန်းကို လေ့လာပါက ၂၀၁၇ခုနှစ် ဧပြီလတွင် ၁၃၂.၀၇ စ၍ တဖြည်းဖြည်းမြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၃၉.၅၁ ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၁၈ခုနှစ် မတ်လတွင် ၁၃၉.၁၁ ဖြစ်ပေါ်ခဲ့သဖြင့် ရာခိုင်နှုန်းအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ တဖန် ၂၀၁၈ခုနှစ် ဧပြီလသည် မြန်မာနိုင်ငံ၏နှစ်သစ်ကူးပွဲတော်ကာလဖြစ်၍ အလှူအတန်း ပြုလုပ်သူများခြင်းကြောင့် စားသုံးမှုပိုမိုများပြားလာပြီး ဝယ်လိုအားများလာပါသည်။ သို့ဖြစ်ပါ၍ စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့်စားသုံးသူဈေးဆန္ဒန်းမှာ ၁၃၉.၈၂ သို့ပြန်လည်မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) ၂၀၁၈ ခုနှစ် ဧပြီလတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆန္ဒန်းများကိုကြည့်လျှင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် ယခင်လကထက်ကျဆင်းလာသော်လည်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေနှင့် မြို့ကြီး(၃)မြို့တို့တွင် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

### ၂။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

(က) ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၇ ခုနှစ် ဧပြီလတွင် ၄.၇၄% ရှိရာမှ မေလမှစ၍ ပြန်လည်ကျဆင်းလာရာ ဇူလိုင်လတွင် ၂.၃၀% ဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှတဖန် ဩဂုတ်လမှစ၍ ပြန်လည်မြင့်တက်ခဲ့ရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ၅.၂၃% ဖြစ်ပေါ်ခဲ့

ပါသည်။ ထို့နောက် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ရာခိုင်နှုန်း အနည်းငယ် ပြန်လည်ကျဆင်းခဲ့ပါသည်။ သို့သော် မတ်လနှင့်ဧပြီလ တို့တွင် ပြန်လည် မြင့်တက်လာခဲ့ရာ ၅.၄၂% နှင့် ၅.၈၇ % အသီးသီးဖြစ်ပေါ်ခဲ့ကြောင်းတွေ့ရပါသည်။

(ခ) **တစ်နိုင်ငံလုံး**အတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၈ ခုနှစ် ဧပြီလ အထိ တစ်နှစ်ပျမ်းမျှ ၄.၁၂% ရှိ၍ မတ်လအထိ တစ်နှစ်ပျမ်းမျှ ၄.၀၃% နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအနည်းငယ် ပြန်လည်မြင့်တက်လာပါကြောင်းနှင့် ၂၀၁၈ ခုနှစ် ဧပြီလ နှင့် ၂၀၁၇ ခုနှစ် ဧပြီလတို့၏ နှစ်အလိုက်ပြောင်းလဲမှုကို နှိုင်းယှဉ်ပါကလည်း (Year on Year Inflation) မှာ ၅.၈၇% ဖြစ်သည့်အတွက် ယခင်လကထက် ရာခိုင်နှုန်း အနည်းငယ် ပြန်လည်မြင့်တက်လာကြောင်း တွေ့ရပါသည်။




(ဂ) တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား(၂)ဖြင့် တင်ပြထားပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ရခိုင်ပြည်နယ်တွင် ၈.၃၆% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ပြီး၊ မန္တလေးမြို့တွင် ၇.၈၆% ဖြင့် ဒုတိယအမြင့်ဆုံး၊ ဧရာဝတီ တိုင်းဒေသကြီးတွင် ၄.၉၈% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိ ပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၂.၄၆% ဖြင့်

ပြောင်းလဲမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ချင်းပြည်နယ်တွင် ၁.၂၁% ဖြင့် ပြောင်းလဲမှု ရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

# ဇယား(1)တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (2018 ခုနှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | 2017 ခုနှစ် | 2018 ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (2018ခုနှစ် ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆန္နန်း** | **100.00** | **132.07** | **139.11** | **139.82** | **0.51** | **5.87** | **4.12** |
| **01** | **အစားအစာအုပ်စု** | **58.51** | **143.73** | **150.52** | **151.57** | **0.70** | **5.45** | **3.38** |
| 02 | ဆေးလိပ်နှင့်အဖျော်ယမကာ | 1.65 | 130.06 | 154.73 | 147.37 | -4.76 | 13.31 | 9.90 |
| 03 | အဝတ်အထည် | 3.23 | 116.85 | 118.83 | 119.28 | 0.38 | 2.08 | 1.61 |
| 04 | အိမ်လခနှင့်အိမ်ပြင်ခ | 8.07 | 135.16 | 145.52 | 146.18 | 0.45 | 8.15 | 5.27 |
| 05 | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | 2.34 | 113.88 | 117.53 | 117.69 | 0.14 | 3.34 | 2.31 |
| 06 | ကျန်းမာရေး | 2.13 | 132.27 | 139.32 | 139.24 | -0.05 | 5.27 | 4.45 |
| 07 | သယ်ယူပို့ဆောင်ရေး | 10.13 | 97.91 | 103.63 | 104.68 | 1.01 | 6.91 | 9.53 |
| 08 | ဆက်သွယ်ရေး | 1.62 | 93.86 | 102.57 | 102.55 | -0.02 | 9.26 | 7.20 |
| 09 | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | 1.02 | 105.29 | 106.22 | 106.43 | 0.20 | 1.08 | 0.76 |
| 10 | ပညာရေး | 2.15 | 122.24 | 122.67 | 125.23 | 2.08 | 2.44 | 0.67 |
| 11 | ပြင်ပအစားအသောက် | 5.95 | 111.30 | 123.06 | 122.62 | -0.36 | 10.17 | 5.63 |
| 12 | အထွေထွေကုန်ပစ္စည်း | 3.21 | 121.66 | 125.00 | 125.44 | 0.36 | 3.11 | 4.11 |
| | **အစားအစာမဟုတ်သောအုပ်စု** | **41.49** | **115.61** | **123.05** | **123.29** | **0.20** | **6.64** | **5.46** |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆန္နန်း(Core CPI)** | **34.29** | **113.64** | **118.83** | **119.08** | **0.21** | ***4.78** | ***3.96** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

# ဇယား(2)တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(3)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (2018 ခုနှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | 2017 ခုနှစ် | 2018 ခုနှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (2018 ခုနှစ် ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (1) | (2) | | (3) | (4) | (5) | (6) | (7) | (8) |
| 1 | ကချင်ပြည်နယ် | 3.01 | 137.08 | 144.94 | 142.92 | -1.39 | 4.26 | 4.66 |
| 2 | ကယားပြည်နယ် | 0.52 | 137.43 | 146.76 | 144.41 | -1.60 | 5.08 | 4.33 |
| 3 | ကရင်ပြည်နယ် | 3.12 | 120.83 | 125.34 | 126.42 | 0.85 | 4.62 | 3.87 |
| 4 | ချင်းပြည်နယ် | 0.74 | 179.55 | 184.03 | 181.72 | -1.25 | 1.21 | 2.37 |
| 5 | စစ်ကိုင်းတိုင်းဒေသကြီး | 11.10 | 129.34 | 134.96 | 134.78 | -0.14 | 4.21 | 2.96 |
| 6 | တနင်္သာရီတိုင်းဒေသကြီး | 2.84 | 119.60 | 124.15 | 125.94 | 1.44 | 5.30 | 4.70 |
| 7 | ပဲခူးတိုင်းဒေသကြီး | 8.83 | 130.68 | 135.57 | 136.60 | 0.76 | 4.53 | 3.79 |
| 8 | မကွေးတိုင်းဒေသကြီး | 7.33 | 130.77 | 140.77 | 142.51 | 1.24 | 8.97 | 3.92 |
| 9 | မန္တလေးတိုင်းဒေသကြီး | 11.08 | 127.76 | 133.80 | 134.49 | 0.52 | 5.27 | 3.61 |
| 10 | မွန်ပြည်နယ် | 5.13 | 124.38 | 129.60 | 131.26 | 1.28 | 5.53 | 4.39 |
| 11 | ရခိုင်ပြည်နယ် | 4.54 | 158.56 | 174.31 | 176.18 | 1.07 | 11.12 | 8.36 |
| 12 | ရန်ကုန်တိုင်းဒေသကြီး | 7.47 | 127.23 | 132.60 | 133.72 | 0.84 | 5.10 | 3.17 |
| 13 | ရှမ်းပြည်နယ် | 9.11 | 141.51 | 151.86 | 151.74 | -0.08 | 7.23 | 4.80 |
| 14 | ဧရာဝတီတိုင်းဒေသကြီး | 9.90 | 132.79 | 140.37 | 140.92 | 0.39 | 6.13 | 4.98 |
| 15 | ပြည်ထောင်စုနယ်မြေ | 1.41 | 125.01 | 127.04 | 129.23 | 1.72 | 3.37 | 0.72 |
| 16 | ရန်ကုန်မြို့ | 10.59 | 134.72 | 139.86 | 140.44 | 0.41 | 4.25 | 3.14 |
| 17 | မန္တလေးမြို့ | 2.58 | 119.80 | 132.85 | 134.72 | 1.41 | 12.46 | 7.86 |
| 18 | နေပြည်တော် | 0.69 | 121.56 | 129.14 | 130.09 | 0.74 | 7.01 | 3.94 |
| **တစ်နိုင်ငံလုံး** | | **100.00** | **132.07** | **139.11** | **139.82** | **0.51** | **5.87** | **4.12** |

## ဇယား (၃) အဓိကကျသောကုန်ပစ္စည်းများ၏ လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၁၈ ခုနှစ် ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၁၈ ခုနှစ် မတ်လ (ကျပ်) | ၂၀၁၈ ခုနှစ် ဧပြီလ (ကျပ်) | ၂၀၁၇ ခုနှစ် ဧပြီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ငည့်မထ (၃၅%) | ပြည် | 1381.73 | 1393.36 | 1305.97 | 0.84 | 6.69 |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | 5371.56 | 5367.09 | 5220.19 | -0.08 | 2.81 |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | 5757.98 | 5783.13 | 5584.78 | 0.44 | 3.55 |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | 2097.69 | 2109.29 | 2167.23 | 0.55 | -2.67 |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | 6873.48 | 6996.58 | 7236.82 | 1.79 | -3.32 |
| ၆ | ဝက်သား | ပေါင်သား | ။ | 9135.59 | 9156.46 | 8599.32 | 0.23 | 6.48 |
| ၇ | အမဲသား | အရိုးလွတ် | ။ | 10721.60 | 10672.17 | 10577.46 | -0.46 | 0.90 |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | 1610.34 | 1610.99 | 1613.48 | 0.04 | -0.15 |
| ၉ | ကြက်ဥ | ။ | ။ | 1165.94 | 1211.60 | 1232.86 | 3.92 | -1.72 |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | 7648.62 | 7780.00 | 7420.67 | 1.72 | 4.84 |
| ၁၁ | ငါးရံ့ | ။ | ။ | 7834.02 | 7892.75 | 7810.58 | 0.75 | 1.05 |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | 4532.44 | 4535.27 | 4392.76 | 0.06 | 3.24 |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | 28582.63 | 29141.70 | 27130.90 | 1.96 | 7.41 |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | 27667.00 | 28235.96 | 26630.69 | 2.06 | 6.03 |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | 3262.39 | 3297.79 | 3179.02 | 1.09 | 3.74 |
| ၁၆ | ခရမ်းချဉ်သီး | | ။ | 951.88 | 1076.47 | 869.28 | 13.09 | 23.83 |
| ၁၇ | ကုလားပဲခြမ်း | | ။ | 2859.04 | 2748.53 | 3225.11 | -3.87 | -14.78 |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | 1019.68 | 1035.28 | 1203.46 | 1.53 | -13.97 |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | 3482.21 | 3046.24 | 5789.35 | -12.52 | -47.38 |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | 1844.05 | 1368.20 | 1280.85 | -25.80 | 6.82 |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | 4731.08 | 4780.21 | 4623.57 | 1.04 | 3.39 |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | 5037.05 | 5082.51 | 5039.87 | 0.90 | 0.85 |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | 882639.86 | 888097.79 | 845937.61 | 0.62 | 4.98 |
| ၂၄ | ထင်း | | ပိဿာ | 318.25 | 319.35 | 289.03 | 0.34 | 10.49 |
| ၂၅ | မီးသွေး | | ။ | 620.13 | 620.13 | 576.34 | 0.00 | 7.60 |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | 408.95 | 408.95 | 400.44 | 0.00 | 2.13 |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | 1025.43 | 1025.43 | 1064.97 | 0.00 | -3.71 |
| ၂၈ | ဒီဇယ်ဆီ | | ဂါလံ | 3816.23 | 3938.80 | 3341.32 | 3.21 | 17.88 |
| ၂၉ | ဓာတ်ဆီ | | ဂါလံ | 3814.92 | 3905.48 | 3428.05 | 2.37 | 13.93 |

## ဇယား (၄)တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | ၂၀၁၈ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| စားသုံးသူဈေးဆန္နှုန်း(CPI) | 132.07 | 132.42 | 132.58 | 132.86 | 133.27 | 134.43 | 135.70 | 137.50 | 138.29 | 139.34 | 139.51 | 139.11 | 139.82 |
| စားသုံးသူဈေးဆန္နှုန်း(Core CPI) | 113.64 | 113.71 | 113.77 | 114.62 | 115.45 | 115.82 | 115.77 | 116.43 | 116.77 | 117.68 | 118.36 | 118.83 | 119.08 |

**ဇယား(5)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်**




| အကြောင်းအရာ | ၂၀၁၇ ခုနှစ် | | | | | | | | | ၂၀၁၈ ခုနှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | 4.74 | 3.90 | 2.92 | 2.30 | 2.40 | 3.40 | 4.00 | 4.47 | 4.45 | 5.23 | 5.11 | 5.42 | 5.87 |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | 3.20 | 2.90 | 2.81 | 3.68 | 4.00 | 3.96 | 4.01 | 4.16 | 3.41 | 4.27 | 4.85 | 4.69 | 4.78 |